# ကယ်တင်ခြင်းသုံးမျိုး

**ဆရာဦးတင်မောင်ညို**

သေခြင်းတရားသည် မည်သူတစ်ဦးတစ်ယောက်မျှ မလွန်ဆန်နိုင်သော လောကဓမ္မတာတရားဖြစ်သည်။ ၎င်းဖြင့်အစပြု၍ လောကအတွင်းသို့ ဝင်ရောက်လာကြသော လူသားတိုင်း တစ်နေ့နေ့ တချိန်ချိန်တွင် သေခြင်းတရားနှင့် မလွဲမသွေ ကြုံတွေ့ရမည်ဖြစ်သည်။ သေခြင်းတရားသည် လူသားများအတွက် အမင်္ဂလာဟု ထင်ရသော်လည်း သေခြင်းနှင့်ပတ်သက်၍ အဖြေတွေ့ပြီး စိတ်ချမှုရှိသောသူများအတွက်မူကား မင်္ဂလာတစ်ပါးဖြစ်ပေသည်။ သခင်ယေရှုက ကျွန်ုပ်တို့အတွက် စိုးရိမ်ပူပန်ခြင်းမရှိဖို့ အားပေးသလို၊ နေစရာအခန်းများကို ကိုယ်တော်တိုင် ပြင်ဆင်ထားကြောင်း အသိပေးဖော်ပြထားပါသည်။ ထိုအာမခံချက်ကို သိရှိခံစားထားပြီးသောသူများအတွက်မူ သေခြင်းတရားသည် ဝမ်းနည်းစရာမဟုတ်ပါ။ သင်္ခါရဘဝမှ ထာဝရကာလသို့ ကူးပြောင်းသော တံခါးဝဖြစ်၍ ဝမ်းမြောက်စရာဖြစ်ပေသည်။

## သွားရမည့်လမ်း သိပြီလား?

သခင်ခရစ်တော်ကိုရရှိထားသော သူ၏အသက်တာသည် မျက်နှာအသွင်သဏ္ဍာန်၌ ပေါ်လွင်သိသာလှပါသည်။ ဤလောကသည် သူ့အတွက် တဒင်္ဂသာ ရှင်သန်ရမည့် နေရာဖြစ်ကြောင်းသိသဖြင့် သေခြင်းတရားအတွက်လည်း ကြိုတင်ပြင်ဆင်မှု ပြုပြီးသူဖြစ်သည်။ အနာဂတ်၌ မိမိသွားရမည့်နေရာကို ကြိုတင်သိထားသူဖြစ်၍ စိုးရိမ်ပူပန်ခြင်း စိုးစိမျှမရှိပါ။ သေခြင်းတရား၏ နောက်ကွယ်တွင် သွားရမည့်နေရာကို မသိသလို၊ ကြုံတွေ့ရမည့်အခြေအနေကို မသိကြသောသူများမူကား နေ့စဉ် အသက်ရှင်နေရချိန်၌ပင် စိတ်ငြိမ်သက်မှု မရှိ။ တမလွန်ရေးအတွက် ရင်လေးပြီး ပူပင်သောကစိတ်ဖြင့် ပြည့်နှက်နေသူဖြစ်သည်။

မိတ်ဆွေ – သင်သည် သေခြင်းတစ်ဖက်၌ ခံစားရမည့် အာမခံချက်နှင့်ပတ်သက်၍ ပြင်ဆင်မှု ပြုပြီးပြီလား? လူသားအပါအဝင် လောကဓါတ်နှင့် လောကအရာများကို ဖန်ဆင်းတော်မူသည်သာမက ယခုဘဝနှင့် နောင်ဘဝ အာမခံချက်ကိုပေးသော အရှင်နှင့် ဆက်သွယ်မှုရပြီလား? ထိုအရှင်သည် သင်၏ အနီးအပါး၌ ရှိတော်မူသည်သာမက သေခြင်းနှင့်ပတ်သက်၍ အာမခံချက်နှင့် အတူ ငြိမ်သက်မှုအဖြေကို ပေးဖို့ရန် စောင့်မျှော်လျက်ရှိပါသည်။ ဘုရားရှင်ကို နှလုံးသားအာရုံမှ တမ်းတသူတိုင်း ကိုယ်တော်က အတွေ့ခံပါသည်။ အချို့သော သူများသည် စပါးစေ့လေးတစ်စေ့ကိုကြည့်၍ ဆင်ခြင်ခြင်းအားဖြင့် ဖန်ဆင်းရှင် ဘုရားရှိကြောင်းသိရှိပြီး ကိုယ်တော်နှင့် တွေ့သွားကြပါသည်။

လူသားတိုင်းသည် တစ်ဦးနှင့်တစ်ဦး ခြားနားခြင်းမရှိဘဲ သေခြင်းတရားနှင့် ရင်ဆိုင်ကြုံတွေ့ရမည်သာဖြစ်သည်။ သို့သော် ခြားနားသည်မှာ အချို့သော သူများက သေခြင်းတရားအတွက် ကြိုတင်ပြင်ဆင်မှုရှိကြပြီး၊ အချို့က ပြင်ဆင်မှု မရှိကြပါ။ သခင်ခရစ်တော်ကို သင့်အသက်တာ၌ မရရှိထားသောပါက တမလွန် အရေး စိတ်မအေးရသည့်ပြင် ဤလောက အသက်ရှင်နေစဉ် အချိန်၌ပင် စာတန်၏ ထိုးနှက်မှု၊ ဒုက္ခအမျိုးမျိုးကို ခံစားကြရမည်ဖြစ်သည်။ သခင်ခရစ်တော်ကို အသက်တာ၌ ရရှိထားပြီး နေ့စဉ်ဖြောင့်မတ်ခြင်းတရားလမ်း၌ နာခံ အသက်ရှင်သူများ၏ အသက်တာ၌မူ စားဖို့၊ ဝတ်ဖို့၊ နေဖို့ ယခုဘဝနှင့်ဆိုင်သည့် လိုအပ်ချက်များအတွက် ဖူလုံသည်သာမက တမလွန်အတွက်လည်း စိတ်ပူစရာ မလိုပါ။ သခင်ခရစ်တော်က ဘဝနှစ်ခုလုံးအတွက် တာဝန်ယူပြီးဖြစ်သည်။

## အသက်နှစ်ချောင်းရှိ

လူသားတိုင်း၌ အသက်နှစ်ချောင်းရှိပါသည်။ ပထမအသက်မှာ “ရုပ်သက်”ဖြစ်ပြီး တဒင်္ဂသာတည်ပါသည်။ ဘုရားသခင်ဖန်ဆင်းစက လူသည် အပြစ်ကင်းစင်ပြီး ဘုရားရှင်နှင့် သဏ္ဍာန်တူသော်လည်း စကားတော်ကို နားမထောင်သဖြင့် အပြစ်ဝင်လာသည့်အချိန်မှစ၍ သင်္ခါရနှင့်တွဲဖက်ပြီး အိုခြင်း၊ နာခြင်း၊ သေခြင်း၌ လမ်းဆုံးရကြသည်။ လောကအသက်ရှင်နေချိန်၌ပင် ဒုက္ခ ပြဿနာ ရောဂါစသည့် ဖိစီးမှုအမျိုးမျိုးကိုခံစားရပြီး ယိုယွင်းခြင်းအမျိုးမျိုးဖြင့် သင်္ခါရသက်သေကို ခံစားကြရသည်။ မည်မျှ ပြုပြင်တည်ဆောက်စေကာမူ အဆုံး၌ ပျက်စီးရမည်သာဖြစ်သည်။

ဒုတိယအသက်မှာ “နာမ်သက်” ဖြစ်သည်။ ပထမရုပ်သက် ပျက်စီး၍

မြေကြီးသို့ စွန့်ပစ်ရစေကာမူ ထိုနာမ်သက်က ရှိနေမည်ဖြစ်သည်။ ဒုတိယအသက်သည် “ထာဝရ” ဖြစ်သည်။ ခရစ်တော်ကို အသက်တာ၌ ရထားသူသည် ရုပ်သက်ကြေပျက်သွားပါစေ၊ ဝမ်းနည်းကြေကွဲစရာ မလိုပါ။ ထာဝရကဏ္ဍကို ခရီးဆက်ရမည့် နာမ်သက်ကို ရရှိထားပြီးဖြစ်သည်။ မိတ်ဆွေ – သင်သည် ခရစ်တော်အားဖြင့် ဒုတိယအသက်ကို ရရှိပိုင်ဆိုင်ထားပြီလား? သို့တည်းမဟုတ် သင်္ခါရရုပ်သက်ဖြင့်သာ ခရီးဆက်နေသေးသူ ဖြစ်ပါသလား? သို့ဖြစ်ပါက သေခြင်းသည် သင့်အတွက် ကြောက်ရွံ့ထိတ်လန့်စရာဖြစ်ပေမည်။ ထိုအဖြစ်ဆိုးမှလွတ်ဖို့ရန် သင့်အသက်တာကို ယခုပင် ပြင်ဆင်သင့်ပါသည်။ နက်ဖြန်နေ့ကို အကြောင်းပြု၍ စောင့်ဆိုင်းမနေသင့်ပါ။

ယနေ့ပင်လျှင် သင်နှင့်ကျွန်ုပ်၏ နောက်ဆုံးနေ့ ဖြစ်သွားနိုင်ပါသည်။ ယခုပင် ကျွန်ုပ်တို့၏ နောက်ဆုံးအချိန် ဖြစ်သွားနိုင်ပါသည်။ ပတ်ဝန်းကျင်၌ ယခုမြင် ယခုပျောက်သွားကြသော လူများစွာကို ကျွန်ုပ်တို့ တွေ့နေကြရသည်။ (၁ ယော ၅း၁၁–၁၂) တွင် သားတော်ကိုရသောသူသည် အသက်ကိုရ၏။ သားတော်ကို မရသေးသောသူမူကား အသက်ကိုမရဟု အသိပေးဖော်ပြထားပါသည်။ ထိုစကားသည် သင်နှင့်ကျွန်ုပ်အတွက် သတိပေးစကားဖြစ်ပါသည်။ **သင့်အသက်တာထဲ၌ ခရစ်တော်ကို မရရှိသေးပါက ယခုပင် ထိုအရှင်ကို လက်ခံခြင်းအားဖြင့် ထာဝရကာလနှင့်ဆိုင်သည့် ဒုတိယအသက်ကို ပိုင်ဆိုင်ရရှိဖို့ရန် ပြင်ဆင်သင့်ပါသည်။**

## ကယ်တင်ခြင်းသုံးမျိုး

ကျွန်ုပ်တို့လူသားတိုင်း ခံစားဖို့ရန် ကယ်တင်ခြင်းကဏ္ဍကို ဘုရားရှင်က သုံးမျိုး ပြင်ဆင်ထားပါသည်။ ပထမဆုံး ကယ်တင်ခြင်းမှာ အပြစ်အခသေခြင်းမှ ကယ်တင်ခြင်းဖြစ်သည်။ ယေရှုခရစ်ကားတိုင်ပေါ်၌ အဖိုးအခပေး၍ ထိုကယ်တင်ခြင်းအတွက် ပြီးပြည့်စုံသောအမှုကို ပြုခဲ့ပြီးဖြစ်သည်။ ကျွန်ုပ်တို့ဘက်မှ မည်သည့်အမှုကိုမျှ ပြုစရာမလိုဘဲ၊ အဖိုးအခမဲ့ ခံစားရန် ကျေးဇူးတော်အားဖြင့် ပြုတော်မူသော ဆုမင်္ဂလာဖြစ်သည်။

ဒုတိယကယ်တင်ခြင်းမှာ အပြစ်မျက်နှာပြင်၊ အပြစ်ရှိသောနေရာဒေသမှ ကယ်တင်သော ကယ်တင်ခြင်းဖြစ်ပါသည်။ ထိုကယ်တင်ခြင်းသည် ယေရှုခရစ်တော်ကို မိမိ၏ ကယ်တင်ရှင်အဖြစ် ယုံကြည်၍ ခရစ်တော်၏ ကိုယ်တည်းဟူသော အသင်းတော်၌ ပါဝင်သော ယုံကြည်သူတိုင်းကို ခရစ်တော်ကြွလာသည့်အခါ ဤလောကမြေကြီးမှ ကယ်တင်ခြင်းဖြစ်သည်။ ထိုကယ်တင်ခြင်းသည် အနာဂတ်၌ ခံစားရမည့် ကယ်တင်ခြင်းဖြစ်သည်။

တတိယကယ်တင်ခြင်းမှာ အပြစ်တန်ခိုးမှ ကယ်တင်ခြင်းဖြစ်သည်။ ထိုကယ်တင်ခြင်းသည် ဤလောက၌ အသက်ရှင်နေစဉ် လောကီသွေးဆောင်မှုအမျိုးမျိုး၊ သွေးသားတပ်မက်မှု၏ လှည့်စားခြင်း၊ ဂုဏ်ပြိုင်ခြင်း၊ ဝါကြွားခြင်းအမျိုးမျိုးကြောင့် ဘုရားသခင်အလိုတော်အတိုင်း အသက်မရှင်နိုင်၊ အပြစ်တန်ခိုး၏ ဖိစီးမှုကြောင့် ဆုံးရှုံးနေသော အသက်တာမှ ကယ်တင်ခြင်းဖြစ်သည်။ (ဖိလိ ၂း၁၂–၁၄)၊ ထိုကယ်တင်ခြင်းကျေးဇူးမခံစားနိုင်ရန် ကျွန်ုပ်တို့ကိုယ်တိုင် ဘုရားရှင် မနှစ်သက်သည့် အကျင့်ဆိုးများကို ရွံမုန်းပြီး လွတ်မြောက်လိုသည့် ဆန္ဒရှိဖို့လိုအပ်ပါသည်။ ထိုသို့ ဆန္ဒရှိသည့်အခါ ထိုဖိစီးမှုအကျင့်ဆိုးများမှ လွတ်ဖို့ရန် ကျွန်ုပ်တို့အထဲမှနေ၍ ကိုယ်တော်က ခွန်အားပေး မစမည်ဖြစ်ပါသည်။ **ကိုယ်တော်အားဖြင့် ထိုအပြစ်တန်ခိုးဖိစီးမှုအောက်မှလွတ်၍ အောင်မြင်သောအသက်တာ၌ ကျွန်ုပ်တို့ အသက်ရှင်နိုင်ကြပါသည်။**

သခင်ခရစ်တော်အားဖြင့် ကျွန်ုပ်တို့ခံစားဖို့ရန် ဘုရားသခင်ပြင်ဆင်ထားသည့် ယခုဘဝ၊ နောင်ဘဝနှင့်သက်ဆိုင်သည့် အာမခံချက်နှင့်အတူ အပြစ်တန်ခိုး၏ဖိစီးမှုအောက်မှ လွတ်၍ အောင်မြင်သောအသက်တာ၌ အသက်ရှင်နိုင်ရန် သခင်ခရစ်တော်ကို ယုံကြည်လက်ခံ၍ ကိုးစားနာခံခြင်းအားဖြင့် ကျွန်ုပ်တို့၏ အသက်တာများကို ပြင်ဆင်နိုင်ဖို့ မေတ္တာဖြင့် ဝေငှလိုက်ပါသည်။

**ဆရာဦးတင်မောင်ညို**